Union Level Committee of CSOs Peace Forum (UCCPF)
Email Address - uccpf2020@gmail.com

အမျိုးသားညီညွတ်ရေးအစိုးရအား ထောက်ခံဝန်းရံကြောင်း ထုတ်ပြန်ကြေညာချက်

စာအမှတ် - ၁/၂၀၂၁

ရက်စွဲ - ၂၀၂၁ ဧပြီလ ၁၇ ရက်

(မြန်မာနှစ်ဆန်းတစ်ရက်နေ့)

၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)က အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ဖွဲ့စည်းကြောင်း ကြေညာခဲ့ပြီဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရတွင် ၂၀၂၀ ရွေးကောက်ပွဲ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ CDM လှုပ်ရှားမှုခေါင်းဆောင်များ၊ သပိတ်တိုက်ပွဲဝင် လူငယ်ခေါင်းဆောင်များ စုစည်းပါဝင်နေကြောင်း တွေ့ရှိရပါသည်။

ယခု အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မပေါ်ပေါက်ခဲ့ဘူးသေးသော လူထုကိုယ်စားပြုမှုရရှိထားသည့် တိုင်းရင်းသားများ စုစည်းညီညွတ်စွာ ပါဝင်သောအစိုးရလည်းဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရသည် တိုင်းရင်းသားပြည်သူများ မျှော်လင့်နေကြသော ယနေ့နွေဦးတော်လှန်ရေး၏ အောင်မြင်မှုအသီးအပွင့် စတင်ဖူးပွင့်လာသည့်အထိမ်းအမှတ်ဖြစ်သည်ဟု မိမိတို့က ရှုမြင်ပါသည်။

ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရကို ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF) မှ အပြည့်အဝ ထောက်ခံကြောင်း နှင့် လိုအပ်သည့်လုပ်ငန်းများကို မိမိတို့တတ်နိုင်သည့် အခြေအနေမှနေ၍ အမျိုးသားညီညွတ်ရေးအစိုးရအား ဝန်းရံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာလိုက်သည်။ ။

ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ(UCCPF)